COLORADO
Department of Public Health & Environment

ကိုလိုရာဒိုပြည်နယ် အများပြည်သူ ကျန်းမာရေးနှင့် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးနှင့် တိုးတက်ရေးအတွက် သန္နိဌာန်ချ ဆောင်ရွက်ခြင်း

သို့ - ကိုလိုရာဒိုပြည်နယ်ကျောင်းများတွင် အပ်နှံထားသော ကျောင်းသားများ၏ မိဘများ/အုပ်ထိန်းသူများ

မှ - ကိုလိုရာဒိုပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝတန်းကျင် ထိန်းသိမ်းရေးဌာန၊ ကာကွယ်ဆေးထိုးနှံမှုဌာနခွဲ

ကိုးကား - 6 တန်း စတင်တက်ရောက်ချိန်တွင် Tdap ကာကွယ်ဆေးထိုးနှံရန် လိုအပ်ခြင်း

နေ့စွဲ - 2020 ခုနှစ်၊ မေလ 1 ရက်

ကိုလိုရာဒိုပြည်နယ်တွင် 6 တန်းသို့ တက်ရောက်မည့် ကျောင်းသားများအနေဖြင့် ကျောင်းစတင်မတက်မီ မေးခိုင်- ဆုံဆို့-ကြက်ညှာချောင်းဆိုး ရောဂါ (Tdap) ကာကွယ်ဆေး ထိုးနှံရန် လိုအပ်ပါသည်။ [www.colorado.gov/pacific/cdphe/schoolrequiredvaccines](www.colorado.gov/pacific/cdphe/schoolrequiredvaccines) တွင် ဝင်ရောက်ကြည့်ရှုပါ။

မေးခိုင်ရောဂါဆိုသည်မှာ အဖြစ်နည်းပြီး မကူးစက်နိုင်သည့် ရောဂါတစ်ခုဖြစ်သည်။ ၎င်းသည် ကြွက်သားနာကျင်တောင့် တင်းမှုနှင့် တင်းမာမှုကို ဖြစ်စေနိုင်သည်၊ လူများသည် ပြတ်ရှဒဏ်ရာ သို့မဟုတ် ထိခိုက်ဒဏ်ရာမှတဆင့် မေးခိုင်ရောဂါဖြစ်နိုင်သည်။ ဆုံဆို့နာဆိုသည်မှာ အဖြစ်နည်းပြီး ကူးစက်နိုင်သည့်ရောဂါတစ်ခု ဖြစ်သည်။ ၎င်းသည် အသက်ရှူခြင်းဆိုင်ရာ ပြဿနာများ၊ နှလုံးဖောက်ပြန်မှုနှင့် အခြားပြင်းထန်သည့်ပြဿနာများ ဖြစ်စေနိုင်သည်။ ကြက်ညှာချောင်းဆိုးရောဂါဆိုသည်မှာ အလွန်ကူးစက်နိုင်သည့် ရောဂါဖြစ်ပြီး အထူးသဖြင့် နို့စို့ကလေးများ၊ လေးဘက်သွား ကလေးများနှင့် ကိုယ်ခံအားစနစ် အားပျော့နေသည့် အခြားသူများတွင် ချောင်းအလွန်ဆိုးသည့် အခိုက်အတန့်များ၊ အသက်ရှူခက်ခဲခြင်းနှင့် အခြားပြင်းထန်သော ပြဿနာများကို ဖြစ်စေနိုင်သည်။ ကြက်ညှာချောင်းဆိုးရောဂါရရှိသည့် ဆယ်ကျော်သက်အရွယ် ကလေးများသည် သုံးလအထိ နာမကျန်းဖြစ်နိုင်ပါသည်။

6 တန်းသို့ တက်ရောက်မည့် အသက် 10 နှစ်အရွယ် ကျောင်းသားများသည် Tdap ကာကွယ်ဆေးထိုးနှံနိုင်ပါသည်။ ကျန်းမာရေးထောက်ပံ့ပေးသူ အချို့မှ ကျောင်းသားများ အသက် 11 နှစ်ပြည့်သည်အထိ စောင့်ဆိုင်းရန် ရွေးချယ်နိုင်ပါသည်။ 6 တန်းသို့ Tdap ကာကွယ်ဆေးမထိုးဘဲ တက်ရောက်လာသော ကျောင်းသားတစ်ဦး၏ မိဘများ/အုပ်ထိန်းသူများအနေဖြင့် ၎င်းတို့၏ကျောင်းသား ကိုလိုရာဒိုပြည်နယ်ကျောင်းတစ်ခုတွင် တက်ရောက်ရန်အတွက် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ဆေးနှင့် မဆိုင်သည့် ကင်းလွတ်ခွင့်တစ်ခု တင်ပြရမည်ဖြစ်သည်။ www.colorado.gov/vaccineexemption တွင် ဝင်ရောက်ကြည့်ရှုပါ။ သင့်ကျောင်းသား 6 တန်း မတက်မီ Tdap ကာကွယ်ဆေးထိုးနှံမှု မရရှိပါက သို့မဟုတ် ကင်းလွတ်ခွင့်ဖိုင်တွဲတစ်ခုမရှိပါက သူ သို့မဟုတ် သူမသည် ကိုလိုရာဒိုပြည်နယ် ကျောင်းကာကွယ်ဆေးထိုးနှံမှု ဥပဒေနှင့် မကိုက်ညီသည့်အတွက် ကျောင်းတက်ခွင့် ရရှိမည်မဟုတ်ပါ။

မေးမြန်းစရာများ သို့မဟုတ် ပိုမိုသိရှိလိုသည်များ ရှိပါက cdphe.dcdimmunization@state.co.usသို့ ဆက်သွယ်ပါ။